

ပျုး
ကလောင်ခွဲ
ဝ
သျှုး
အကယ်၍များ
COVER Idea Kyaw

# အခန်း (၁)

အိမ်အပြင်ဘက်ဆီသို့ ငေးမောနေမိသော ကျွန်မရဲ့ မြင်ကွင်းထဲမှာ နီညိုရောင် အဆင်းရှိသည့် ဆက်ရက်ငှက်လေးနှစ်ကောင်။ ဒါဟာ ချစ်သူနှင့် ဆုံတွေ့ခွင့်ရမည့် ရှေ့ပြေးနိမိတ်ဟု ကျွန်မရဲ့ သူငယ်ချင်းတစ်ဦးက ပြောပြဖူးသည် ။

ဒါပေမဲ့ ခက်တာက ကျွန်မတွင် မြတ်နိုးစွာ တွယ်တာရမည့် ချစ်သူဆိုတာ မရှိပါ။

ဟော ကျွန်မ အတွေးကောင်းနေစဉ်မှာ ပင် ဆက်ရက်ငှက်လေးတစ်ကောင်က ဟိုးခပ်ဝေးဝေး ကောင်းကင်ဆီ ပျံပြေးသွား၏။ ခုတော့ ကျွန်မရဲ့ အမြင်အာရုံတွေထဲမှာ ယောင်ချာချာ ကျန်ခဲ့ရှာ သည့် ငှက်ငယ်လေးတစ်ကောင်သာ။

ဒါမှ စစ်မှန်သော တိုက်ဆိုင်မှု စစ်စစ်ပါပဲ။ ငှက်ကလေးသည် လည်း ကျွန်မလိုပဲ အထီးကျန် နေခဲ့ပြီ ဖြစ်သည် ။

ဒါမှ စစ်မှန်သော တိုက်ဆိုင်မှု စစ်စစ်ပါပဲ။ ငှက်ကလေးသည် လည်း ကျွန်မလိုပဲ အထီးကျန် နေခဲ့ပြီ ဖြစ်သည် ။

ဒီနေ့ ရုံးပိတ်ရက်မို့ ကျွန်မရဲ့ အချိန်တွေဟာ ပိုလို့ တောင် ပျင်းရိငြီးငွေ့ဖွယ် ကောင်းနေခဲ့ပါ သည် ။ အပြင်သို့ ထွက်ချင်စိတ်လည်း မရှိပါ။ အိမ်ထဲမှာ သာ အောင်းနေရအောင်လည်း တဖြည်း ဖြည်းနှင့် ပျင်းလွန်း

လို့ သူမ သေဆုံးသွားနိုင်ပါသည် ။

အပြင်ဘက်တွင် ပူပြင်းလှသော နေမင်းကြီးက သူ့နဂိုအတိုင်း တောက်ပလျက် ရှိနေသော် လည်း သူမရဲ့ အခန်းလေးထဲမှာ တော့ အေးစိမ့်နေပါသည် ။ ဆောင်းတွင်းဘက်မို့ သူမရဲ့ တိုက်ခန်း လေးက စိမ့်စိမ့်လေးနှင့် အေးနေခြင်း ဖြစ်၏။

အချမ်းဒဏ် မခံနိုင်သော ကျွန်မမှာ အနွေးထည်ထူထူဝတ်လျက် သိုးမွေး၊ ခြေအိတ်များကိုပါ စွပ်ထားရ၏။ ခုလို ချမ်းချမ်းစီးစီးတွင် အိပ်ရာဝင်ကွေးနေရလျှင် တော်တော်လေးကို ဇိမ်ကျနိုင်မည် ဖြစ်သော်လည်း ကျွန်မကတော့ ကုမ္ပဏီမှ စာရင်းဇယားများကို အချိန်ပေးကာ လုပ်ရဦးမည် ။

နေ့တိုင်းလိုလို စာရင်းဇယားတွေကြားထဲမှာ ပဲ နေရသောအခါ တစ်ခါတလေဆိုလျှင် သူမရဲ့ စိတ်တို့ က ထိုစာရင်းစာအုပ် စာတမ်းများကို ဆွဲဆုပ်ကိုင်ပေါက်ပစ်လိုက်ချင်စိတ်တွေ ပေါ်လာမိ သည် ။

ခုလို လကုန်ရက်များ ဆိုလျှင် တစ်လစာ စာရင်းပိတ်ချိန်မို့ ပိုလို့တောင် အလုပ်ရှုပ်တတ်ပါ သည် ။ ထိုအခါ စာရင်းများကို အိမ်ယူလာပြီး တကူးတက လုပ်နေရခြင်းသည် လည်း အလွန်ငြီးငွေ့ စရာကောင်းသော အလုပ်တစ်ခု ဖြစ်၏။

လယ်ဂျာစာအုပ်ကြီး ရှေ့ချပြီး စိတ်ပျက်နေသော ကျွန်မရဲ့ အာရုံထဲသို့ ဖုန်းမြည်သံ သဲ့သဲ့လေး ဝင်လာ၏။ ခုတင်ပေါ်တွင် ဒီတိုင်းပစ်တင်ထားခဲ့သော ဖုန်းလေးကို စိတ်မပါ လက်မပါ နှင့်ပင် ကောက်ကိုင်လိုက်သည် ။

ဒီအချိန်ဆို ကုမ္ပဏီမှ မန်နေဂျာကြီးက ဖုန်းဆက်တတ်ပါသည် ။ သို့သော် ဒီတစ်ခါ ပေါ်လာ သော ဖုန်းနံပါတ်သည် ကျွန်မ မသိသော နံပါတ်

တစ်ခု ဖြစ်၏။

"ဟယ်လို အမိန့်ရှိပါ"

"ဒေါ်ငယ်မှူသွေးနဲ့ ပြောချင်လို့ ပါ"

ကျွန်မ စိတ်ထဲ နည်းနည်းတော့ ကသိကအောင့် ဖြစ်သွားသည် ။ အသက်နှစ်ဆယ့်ရှစ်နှစ် အရွယ်သည် နာမည်ရှေ့၌ 'ဒေါ်'တပ်ခေါ်ရလောက်အောင် မကြီးရင့်သေးဘူးဟု ကျွန်မက ယူဆ ထား၍ ဖြစ်သည် ။

"ဟုတ်ကဲ့ ငယ်မှူသွေး ပြောနေပါတယ်"

"ဟာ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ"

"ရှင်"

ကျွန်မ အံ့သြသွားမိ၏။ သူနဲ့ ကိုယ်နဲ့ လည်း တစ်ခါမှ မတွေ့ဘူးပါဘဲ တွေ့ရတာ ဝမ်းသာနေ သော ထိုပုဂ္ဂိုလ်ကို သူမ နည်းနည်းတော့ စိတ်ဝင်စားသွား၏။ ပြီးတော့ သူ ပြောလိုက်သော အသံ သည် တကယ့်ကို ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ဝမ်းသာနေသော အသံမျိုးလည်း ဖြစ်သည် ။

"နေပါဦး ရှင်က ဘယ်သူလဲ"

"ဩော် ဟုတ်ကဲ့ အရေးကြီးဆုံးကို မေ့သွားလို့ ပါ ခင်ဗျာ၊ ကျွန်တော်က နဂါးရတ် အိမ်ခြံမြေ အကျိုးဆောင် လုပ်ငန်းကပါ"

"ဟုတ်ကဲ့ ပြောပါ"

နဂါးရတ် အကျိုးဆောင်လုပ်ငန်းသို့ ကျွန်မအိမ်၏ ဘေးခန်းအား ငှားရန် အပ်ထားခဲ့၏။ အရင်က ကျွန်မအစ်ကို မိသားစု နေခဲ့သော ထိုအခန်းသည် အစ်ကိုတို့ နိုင်ငံခြားသို့ ပြောင်းရွှေ့သွား သောအခါ နေမည့်သူ မရှိဘဲ လပ်ဟာနေခဲ့၏။

"ဒေါ်ငယ်မူသွေး အပ်ထားတဲ့ အခန်းကို ငှားချင်တဲ့ လူတစ်ယောက် ရှိပါတယ်၊ အဲဒါ ကျွန်တော်တို့ ဘယ်နေ့လောက် ခေါ်လာပြရင် အဆင်ပြေမလဲ မသိဘူး ခင်ဗျ"

"ဒီနေ့ဆိုလည်း အဆင်ပြေပါတယ်၊ ဒါပေမဲ့ ကျွန်မ အရင်က ပြော ထားသလိုပါပဲ၊ နောက် ကြောင်း ရာဇဝင် ရှုပ်ရှုပ်ယှက်ယှက်ရှိတဲ့ သူမျိုး တွေ ဆိုရင်တော့ အဆင်ပြေမယ် မထင်ဘူးနော်"

"ခုငှားမယ့်လူက တစ်ယောက်တည်း နေမှာ ပါတဲ့ "

တစ်ဖက်မှ ပြောလိုက်သောစကားကြောင့် ကျွန်မက ပြုံးလိုက်မိ၏။ ဒီလောကကြီးမှာ ကျွန်မ လို တစ်ကိုယ်တည်း အထီးကျန်သူတွေလည်း အများကြီး ရှိသေးပါလားလို့ တွေးမိ၍ ဖြစ်သည် ။

"စျေးစကားကတော့ ရှင်တို့ ကိုပြောထားခဲ့တဲ့ အတိုင်းပဲနော်"

"ဟုတ်ပါတယ် သူက အားလုံး အိုကေဆိုလို့ ကျွန်တော်တို့ က အခန်း လိုက်ပြဖို့ ပဲ ကျန်တော့ တာပါ"

"ကောင်းပြီလေ ဒါဆိုရင်လည်း ကျွန်မ ဒီနေ့တော့ အချိန်ရပါတယ်၊ ခေါ်လာခဲ့လိုက်ပါ"

ဖုန်းချလိုက်သည် နှင့် ကျွန်မ ရင်ထဲက အလုံးကြီးတစ်လုံးသည် ဝုန်းခနဲ ပြုတ်ကျသွားသလို ခံစားလိုက်ရသည် ။ အခန်းတစ်ခန်းကို ဒီတိုင်းကြီးပဲ ပစ်ထားမည့်အစား လူငှားတင်ထားတော့ အပို ဝင်ငွေလေး လည်း ရသည် လေ။

ကုမ္ပဏီမှ ပေးသော လခနှင့်တင် ကျွန်မအတွက် လောက်ငနေသော် လည်း အိုစာမင်းစာ အတွက် ရှာဖွေရသေးသည် ။ အသက်အရွယ် အိုမင်းလာလျှင်တောင် ဘေးမှာ ကူညီကြည့်ရှုမည့်သူ မရှိသည့် ကျွန်မရဲ့

အခြေအနေက တော်တော်ကို ဆိုးနေပါသေးသည် ။

အိမ်ထောင်ရှင်တွေ ဖြစ်ကုန်ကြသော သူငယ်ချင်းများက ကျွန်မကို အပျိုကြီးလို့ ခေါ်တိုင်း ကျွန်မကတော့ မျက်နှာကို မော့ချီလျက်က ‘အေး ငါက အပျိုကြီးဆိုတော့ နင်တို့လို အိမ်ထောင် သည် တွေ အိမ်မှာ တစ် လ တစ်အိမ်စီ လိုက်နေမယ် မကောင်းဘူးလား’လို့ ပြန်လည် စနောက် နေကြ ဖြစ်သည် ။

သို့သော် ကျွန်မရဲ့ အတွေးထဲမှာ တော့ တစ်သက်တာလုံး အပျိုကြီး တစ်ယောက်အဖြစ် နေထိုင်မည်ဟု ဆုံးဖြတ် တွေးတောထားခြင်းမျိုး မ ရှိပါ။ ကျွန်မရဲ့ ဖူးစာရေးနတ်လေးက ကျွန်မ အတွက် Mr. right ကို ရှာ ဖွေနေဆဲ ဖြစ်ပါလိမ့်မည်။

တစ်ယောက်တည်း နေရခြင်းသည် တစ်ခါတစ်ရံ အလွန်လွတ်လပ် သည် ဟု ခံစားရသော် လည်း တစ်ခါတစ်ရံတော့ ဒီနေ့လိုမျိုး ပျင်းရိငြီး ငွေ့ရတတ်၏။ အဲဒီလို အချိန်မျိုးဆိုလျှင် ကျွန်မက တော့ အရင်နေ့တွေ တုန်းက တီဗွီရှေ့ထိုင်ကာ ဂိမ်းဆော့တတ်သော်လည်း ဒီနေ့တော့ အလု ပ်တွေက များ လွန်းလှသည် မို့ ပေါ့ပါးလန်းဆန်းမှု မရှိဘဲ ဖိအားတွေနှင့် စိတ်နောက်ကျိနေရသည် ။

ဖုန်းပြောပြီးတည်းက ခုတင်ပေါ်တွင် ဒီတိုင်း ပက်လက်လှန်ပြီး စဉ်း စားခန်းဝင်နေသော ကျွန်မမှာ အိမ်ရှေ့မှ လူခေါ်ဘဲလ်သံ တီးလုံးရှည်ကြီးကြောင့် လန့်ဖျပ်သွားမိသည် ။ ဟိုလူတွေ ရောက် လာပြီ နှင့် တူသည် ။

‘မြန်လိုက်ကြတာနော်’ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်ရင်း ဖရိုဖ ရဲ ဖြစ်နေသော ကိုယ့် ကိုယ်ကို ကိုယ်လုံးပေါ် မှန်ချပ်ရှည်ကြီးထဲတွင် မြ င်လိုက်ရသောကြောင့် စိတ်ပျက်သွားမိသည် ။

ထို့ကြောင့်ပင် ချိုင်းနားမှာ ပြနေသော အိမ်နေရင်းဝတ်ထားသည့် ဂါဝန်ရှည်ကြီးကို ချွတ်ချ ပစ်ကာ ထဘီတစ်ထည်နှင့် တီရှပ်တစ်ထည်ကို ခပ်မြန်မြန် လဲလှယ်လိုက်ရ၏။ အံဆွဲထဲတွင် သိမ်း ထားသော ဟိုဘက်ခန်းသော့ကိုလည်း ထုတ်ယူလိုက်သည် ။

တံခါး ဆွဲဖွင့်လိုက်သည် နှင့် မျက်နှာထား ပြုံးချိုနေသည့် လူတစ်ယောက်ကို တွေ့လိုက်ရ သည် ။ ကျွန်မနှင့် ရွယ်တူလောက်ပဲ ရှိမည်ဟု ခန့်မှန်းမိပါသည် ။ သူ့ဘေးမှာ တော့ အရပ် ငါးပေကိုး လက်မခန့် ရှိမည်ဟု ထင်ရသည့် လူတစ်ယောက်။ ဖြူဖွေးသော အသားအရောင်ပေါ်တွင် ချောက လက်ရောင် ကုတ်ကို ဂျင်းဘောင်းဘီနှင့် တွဲဝတ်ထားသည် မှာ ကြည့်ကောင်းလှ၏။

မျက်နှာပေါက်အရ ဆိုရင်တော့ ဒီလူဟာ ဗမာရုပ်မျိုး မထွက်ဘဲ တရုတ်လိုလို ဘာလိုလိုပင်။

"ဒေါ်ငယ်မူသွေး ဟုတ်ပါတယ်နော်"

ပြုံးရွှင်နေသော မျက်နှာနှင့် လိုက်ဖက်စွာပင် ထိုသူ့အသံက တက်ကြွနေ၏။

"ဟုတ်ပါတယ်၊ ခုနက ဖုန်းဆက်ထားတဲ့ လူမဟုတ်လား"

ကျွန်မက ဖုန်းထဲမှာ ထဲက ကျက်မိနေသော ထိုသူ့အသံကို မှတ်မိစွာ ပြောလိုက်တော့ ထိုသူက ခေါင်းညိတ်ပြကာ

"ဟုတ်ကဲ့ ကျွန်တော်က နဂရတ်က ခန့်ပိုင် ပါ၊ ဒီမိတ်ဆွေက ဒေါ်ငယ်မူသွေးရဲ့ အခန်းကို ငှားဖို့ လိုက်ကြည့်ချင်တယ်ဆိုတာနဲ့ ခေါ်လာတာပါ"

သူ့စကားအဆုံးမှာ တော့ ကျွန်မက သူ့မျက်နှာကို မျက်မှောင်ကျုံ့ကာ

ကြည့်လိုက်၏။ သူက လည်း ကျွန်မ ဘာကြောင့် မျက်မှောင်ကျုံ့သွားသည် ဆိုတာကို ရိပ်မိဟန် ရှိပါသည် ။ ဘယ်လိုပဲကြည့် ကြည့် သူနဲ့ ကျွန်မက ရွယ်တူတွေလောက်ပဲ ဖြစ်မည်ဆိုတာ သူလည်း ခန့်မှန်း၍ ရလောက်ပါသည် ။

"ကျွန်မ ငှားမှာ ဟိုအခန်းပါ"

ဘေးကပ်လျက် အခန်းကို လက်ညှိုးညွှန်လျက် ကျွန်မက ပြောလိုက်တော့ အိမ်ငှားမည်ဆို သည့်လူက ခေါင်းတညိတ်ညိတ်လုပ်ကာ ထိုအခန်းနားသို့ လျှောက်သွား၏။ ကျွန်မနှင့် ကိုခန့်ပိုင် လည်း နောက်ကနေ လိုက်ခဲ့ကြပါသည် ။

ကျွန်မက ရှေ့ဆုံးသို့ သွားကာ အိမ်တံခါးသော့ကို ဖွင့်ပေးလိုက်ပြီး

"ဝင်ပါရှင် ဝင်ပါ အခန်းကတော့ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က လူခေါ်ပြီး ရှင်းခိုင်းထားခဲ့တာ ပဲ၊ ဒါပေမဲ့ ခုတော့ ဖုန်နည်းနည်း ပြန်တက်နေပြီလေ"

ပရာဒါတံဆိပ် ခြေညှပ်ဖိနပ်ကို မချွတ်တော့ဘဲ ထိုလူက ဝင်သွား၏။ ကျွန်မရဲ့ အစ်ကိုရှိစဉ် တုန်းက ဇနီးဖြစ်သူက အိမ်အလှပြင်ဝါသနာပါသူမို့ သူတို့ အိမ်လေးက ပါကေးကြမ်းခင်းများ ၊ နံရံကပ် စက္ကူလှလှများ နှင့် သပ်ရပ်စွာ အခန်းဖွဲ့စည်းထားခြင်း ဖြစ်သည် ။ ခုလည်း ဖုန်နည်းနည်းတက်နေ သည် ကလွဲ၍ အားလုံးသည် နဂိုကလိုပင် ဖြစ်၏ ။

"ANATA WA SU KI DESUKA"

ကိုခန့်ပိုင်က အခန်းငှားမည်ဆိုသည့် လူဘက်သို့ လှည့်ကာ ပြောလိုက်သော စကားကြောင့် ကျွန်မ နည်းနည်းတော့ ကြောင်သွား၏။

“HAL SU KI DESU”

ထိုသူက ပြန်ဖြေလိုက်သောအခါ ကိုခန့်ပိုင်၏ မျက်နှာက ပြုံးသွားပြီး ခေါင်းကိုလည်း တညိတ်ညိတ် လုပ်လိုက်ပါသည် ။

ကျွန်မမှာ မနေနိုင်တော့ဘဲ ကိုခန့်ပိုင်နားသို့ တိုးကပ်သွားလိုက်ကာ

“မေးပါရစေဦး ဒီလူက ဘာလူမျိုးလဲ၊ မြန်မာ မဟုတ်ဘူး လား”

“သူက ဂျပန်လူမျိုးတစ်ယောက်ပါ၊ သူ့အလုပ်ကိစ္စတစ်ခုနဲ့ မြန်မာပြည်ကို ခြောက်လလောက် လာတာ၊ ဟိုတယ်မှာ မနေချင်ဘူးဆိုပြီး အိမ်တစ်လုံး လိုက်ရှာနေတာလေ၊ ကျွန်တော်က ကြိုက်ရဲ့ လားလို့ မေးတော့ သူက ကြိုက်တယ်လို့ ပြန်ပြောပါတယ်”

ကျွန်မခေါင်းထဲတွင် နည်းနည်းတော့ ရှုပ်ထွေးသွားပြီ ဖြစ်၏။ နိုင်ငံခြားသား တစ်ယောက်ကို အခန်းငှားလို့ ဖြစ်ပ့ါမလား။ ဘာမှ တော့ မဆိုင်ပါ။ သူလည်း လူပဲလေ။ အခန်းငှားလို့ ဘာကိစ္စ မဖြစ် ရမှာ လဲ။

သို့သော် ကျွန်မရဲ့ ထုံးစံအတိုင်း လျှောက်စဉ်းစားနေမိခြင်းသာ ဖြစ်၏။

“နိုင်ငံခြားသားဆိုရင် ဒေါ်ငယ်မူသွေးက လက်မခံချင်လို့ လား မသိဘူး ခင်ဗျ”

ကျွန်မက မျက်မှောင်ကြီး ကျုံ့ကာ ငြိမ်သက်သွားသည် မို့ ကိုခန့်ပိုင်က ထိုသို့ မေးလိုက်ခြင်း ဖြစ်ပါလိမ့်မည်။ ကျွန်မလည်း ကပျာကယာပင် ခေါင်းခါပြလိုက်ပြီး

“အဲဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ သူနဲ့ ဆက်ဆံတဲ့ အခါမှာ တော့ နည်းနည်း ကသိက အောက် ဖြစ်မှာ ပဲလို့ တွေးမိလို့ ပါ၊ ဒါနဲ့ သူက အင်္ဂလိပ်လိုရော ပြောနိုင်လား မသိဘူးနော်”

ကျွန်မရဲ့ မေးခွန်းကြောင့် ကိုခန့်ပိုင်က ထိုလူဝင်သွားရာ အိမ်နောက်ဖေးဘက်သို့ လိုက်သွား ပါသည် ။ ကျွန်မလည်း ကိုခန့်ပိုင်နောက်မှ ခပ်သွက်သွက်လေး လိုက်သွားလိုက်၏။

"CAN YOU SPEAK ENGLISH"

ဒါကတော့ ကိုခန့်ပိုင်ကို ကျော်တက်ကာ ကျွန်မက အရင်ဦးအောင် မေးလိုက်ခြင်း ဖြစ်သည် ။ ကျွန်မရဲ့ ပုံစံကိုကြည့်ပြီး ထိုလူရဲ့ နှုတ်ခမ်းဖျားက အနည်းငယ် ပြုံးသွားလျက်

"ဟုတ်ကဲ့ ကျွန်တော် အင်္ဂလိပ်လို အနည်းအကျဉ်းတော့ ပြောတတ်ပါတယ်"

"တော်သေးတာပေါ့ သူ ပြော"

ကိုခန့်ပိုင်ဘက် လှည့်ကာ ပြောလိုက်သော ကျွန်မမှာ စကားပင်မဆုံးနိုင်ဘဲ ထိုလူ့ဘက်သို့ ပြန်လှည့်ကြည့်လိုက်ရင်း မျက်လုံးများ ပင် ပြူးသွားရသည် ။

'အင်္ဂလိပ်လို ပြောနိုင်ပါတယ်'ဟု ဖြေလိုက်သော သူ့ဘာသာစကားသည် ဂျပန်လည်း မဟုတ်၊ အင်္ဂလိပ်လိုလည်း မဟုတ်ပါဘဲ မြန်မာလိုကြီး ဖြစ်နေသောကြောင့်ပင်။

"ရှင်က မြန်မာလို ပြောတတ်တယ်နော်"

"ဟုတ်ကဲ့ ပြောတတ်ပါတယ်"

အမလေးနော် ပီပီသသကြီးကို ထွက်လာသော မြန်မာသံကြီးနှင့် ပြန်ဖြေလိုက်ခြင်းကြောင့် ကျွန်မမှာ ဘာမှ လည်း မဆိုင်ပါဘဲနှင့် ကြက်သီးများ ပင် ထသွားမိသည် ။

ကိုခန့်ပိုင်ကလည်း ကျွန်မနည်းတူပင် အံ့အားသင့်နေပုံ ရပါသည် ။

"ဒီမြန်မာပြည်ကို ရောက်တာ ဘယ်နှခေါက်လောက် ရှိပြီလဲ မသိဘူးနော်"

ထိုလူသည် မြန်မာစကား ပြောတတ်သည် ဆိုခြင်းကြောင့် ကျွန်မစိတ်ထဲတွင် စတွေ့ချင်းက ထက် ရင်းနှီးသွားသလိုပင် ခံစားလိုက်ရသည် ။

သူ့အသက်အရွယ်ကို ခန့်မှန်းကြည့်ရလျှင် အနည်းဆုံး သုံးဆယ်လောက်တော့ ရှိမည်ဟု ကျွန်မ ထင်မိသည် ။

"ကျွန်တော်ကလည်း အရေးကြီးဆုံးကို မေ့နေတယ်နော်၊ ဒေါ်ငယ်မူသွေးတို့ နှစ်ယောက်ကို မိတ်ဆက်ပေးဖို့ လေ"

ကိုခန့်ပိုင်က မိတ်ဆက်ပေးပြီးတော့ သူက ကျွန်မကို ပြုံးရွှင်စွာ ကြည့်ရင်း ခါးညွတ်ကာ နှုတ် ဆက်၏။ ကျွန်မလည်း ပြန်လည်ကာ ခါးညွတ် နှုတ်ဆက်လိုက်ပါသည် ။

ဒါကြောင့် ထိုလူကို မြင်ကတည်းက မြန်မာလူမျိုးတွေရဲ့ မျက်နှာပေါက်မျိုး မဟုတ်မှန်း တန်းသိလိုက်နိုင်ခြင်း ဖြစ်သည် ။

"ဘယ်တော့လောက်များ ပြောင်းနေနိုင်လဲ မသိဘူး"

"ဟုတ်ကဲ့ ကျွန်မတို့ ဘက်က စာချုပ်စာတမ်းတွေ ဘာတွေနဲ့ သေချာပြင်ဆင်ပြီးသွားရင်တော့ နေလို့ ရပါပြီ"

"အဲဒါတွေက အခုလုပ်လိုက်လို့ ရတယ် မဟုတ်လား"

ကိုခန့်ပိုင်က သူ့လက်ဆွဲအိတ်အနက်ရောင်ထဲမှာ စာချုပ်များကို ထုတ်ကာ ပြောလိုက်တော့ ကျွန်မက ပိုလို့ တောင် သဘောကျသွားပါသည်

။ ကျွန်မဘက်ကလည်း နောက်ထပ် တစ်ရက် အချိန် အားဖို့ ဆိုတာ မသေချာသောကြောင့် ဖြစ်၏။

"အဆင်ပြေလိုက်တာရှင် ဒါပေမဲ့ အိမ်ငှားဘက်က အဆင်ပြေရဲ့လားဆိုတာ မေးကြည့်ပါဦး"

"it's ok ပါ၊ ကျွန်တော် အဆင်ပြေပါတယ်၊ အစတည်းက ဒီကိုလာမယ်ဆိုပြီး လုပ်တော့ ဟိုတယ်တွေမှာ မနေချင်တဲ့ စိတ်နဲ့ အိမ်ပဲ တန်းငှားမယ်လို့ ဆုံးဖြတ်ထားတာပါ၊ အဲဒါနဲ့ ပဲ ကျွန်တော့် ကုမ္ပဏီက ဒီ ကိုခန့်ပိုင်တို့ လုပ်ငန်းကို ဆက်သွယ်ပေးခဲ့တာလေ"

"ဩော် ဒါဆို အားလုံး အဆင်ပြေနေတာပဲ၊ တစ်ခါတည်းပဲ လက်စသတ်လိုက်တာပေါ့"

သူမတို့ နှစ်ဦးနှစ်ဖက် ညှိနှိုင်းလက်မှတ်ထိုးပြီးကြတော့ ကိုခန့်ပိုင်ထံတွင် ထားခဲ့သော သူ့ ပစ္စည်းများအား လူကြုံနှင့် ပို့ပေးလိုက်ပါသည် ။ ထို့ကြောင့်ပင် သူသည် ကျွန်မအတွက် ပထမဆုံး သော အိမ်နီးချင်းတစ်ဦး ဖြစ်လာခဲ့လေသည် ။

*

မနက်ခြောက်နာရီတွင် ဆူညံသော အသံတစ်ခုက နားထဲကို မချိမဆံ့ ဝင်လာသောကြောင့် အိပ်မက် ကောင်းနေဆဲဖြစ်သော ကျွန်မမှာ မျက်လုံးများကို ပွတ်သပ်ရင်း လူးလဲ ထလိုက်ရ၏။ ဒါဟာ ဘာသံပါလိမ့်ဆိုတာကို ခုတင်ပေါ်တွင် ငုတ်တုတ်ထိုင်လျက် အချိန်တော်တော်ကြာ စဉ်းစား နေရသေးသည် ။

အိပ်ချင်မူးတူးနှင့် တောင်တောင်အီအီ လျှောက်တွေးနေမိပြီးမှ ဒါဟာ တံခါးဘဲလ်သံပါလား ဟု သတိရတော့သည် ။ ထို့ကြောင့်ပင် ကပို

ကရိုပုံစံအတိုင်း ပြေးထွက်ခဲ့လိုက်၏။

စောစောစီးစီး ဘယ်က ညွှေ့သည် များ ပါလိမ့်။

"မင်္ဂလာပါ မငယ်မူသွေး"

တံခါးကို ဆွဲဖွင့်လိုက်သည် နှင့် ကြားလိုက်ရသော အသံ။ မြင်လိုက်ရသော ပြုံးချိုချိုမျက်နှာ ထားက ကျွန်မနှင့် စိမ်းသပ်လွန်းပါသည် ။ ဒီလိုမျိုး မနက်စောစောတွင် ကျွန်မအား မင်္ဂလာပါဟု နှုတ်ဆက်သူသည် တစ်သက်လုံးတွင် ဒီလူတစ်ယောက်သာ ရှိသေးသည် ။

ဒါပေမဲ့ ကျွန်မနာမည်ကို ခေါ်လိုက်သော သူ့အသံကတော့ နည်းနည်း ရယ်ချင်စရာ ဖြစ်နေပါ သည် ။

"ရှင်က မြန်မာစကားကို တော်တော်လေး ကျွမ်းကျင်တယ်နော်၊ ဒါပေမဲ့ ကျွန်မနာမည်ကို ခေါ်တာတော့ နည်းနည်း လွဲနေသလိုပဲ"

"ဒါကတော့ ကျွန်တော်တို့ ဂျပန်စကားမှာ 'င'ကို သိပ်ပြီး မထွက်နိုင်ဘူးလေ၊ ဒါတောင် ကျွန်တော် မနည်းကြိုးစားကြီး ထွက်လိုက်တာပါ"

"သြော်"

သူ ပြောပြမှ ပင် သိရသည် မို့ ခေါင်းတညိတ်ညိတ်နှင့်သာ နားထောင်နေမိသည် ။

"မင်း အိပ်နေတုန်းနဲ့ တူတယ်"

ပြောစရာ စကား မရှိသည် မို့ ဒီတိုင်းလေးရပ်ကာ ကြောင်ငေးကြည့်နေသော ကျွန်မကို သူကပင် စကားဆက်လိုက်ပြန်သည် ။

သူ စကားပြောလျှင် ကျွန်မတို့ မြန်မာများ လောက် သွက်လက်ခြင်း မရှိသော်လည်း လေယူ လေသိမ်းကိုတော့ တော်တော်လေး ကျင့်ယူထား

ပုံ ရပါသည် ။

"ဟုတ်ကဲ့ ဘာကိစ္စများ ရှိလို့ လဲ မသိဘူး"

"မနက်စာကို ကျွန်တော်နဲ့ တူတူ လိုက်စားနိုင်မလားလို့ သိချင်လို့ ပါ
"

"ရှင်"

ကျွန်မ နည်းနည်းတော့ အံ့အားသင့်သွားတာ အမှန်ပါပဲ။ ပုံမှန်အတိုင်းဆို ကျွန်မသည် မနက်စာကို အထူးတလည် ပြင်ဆင်စားသောက်ခြင်းမျိုး မရှိတတ်ပါ။ ရုံးသွားခါနီးမှ ကမန်းကတန်း အပြေးအလွှားစားရခြင်းမို့ ကော်ဖီတစ်ခွက်တည်းနှင့်တောင် ပြီးစီးသွားရခြင်းမျိုးတွေ ရှိနေပါသည် ။

"ကျေးဇူးပြုပြီး လိုက်စားစေချင်ပါတယ်"

"သြော် ခဏလေး စောင့်ပေးနိုင်မလား မသိဘူး၊ ကျွန်မက ခုမှ အိပ်ရာထဲက ထလာတာဆို တော့"

သူက ခေါင်းညိတ်ပြကာ အိမ်ထဲဝင်ရန် ပြင်၏။ ကျွန်မကလည်း ကိုယ်ကို အနည်းငယ် ရှို့ပေး လိုက်ပါသည် ။ ဧည့်ခန်းထဲတွင် ဣန္ဒြေရစွာ ထိုင်နေသော သူ့ပုံက တကယ့်ကို လူကြီးလူကောင်း တစ်ယောက်၏ ပုံစံမျိုး ဖြစ်သည် ။

မျက်နှာသစ် သွားတိုက်၍ သနပ်ခါးရေကျဲလေး လိမ်းကာ အဝတ်အစားလဲလှယ်ပြီး ကျွန်မ ထွက်လာတော့ သူက ကျွန်မကို စိုက်ကြည့်နေပြီး ပြုံးပါသည် ။

"မြန်မာမိန်းကလေးတွေကတော့ မနက်မိုးလင်းတာနဲ့ သနပ်ခါးကို အရင်ဆုံး စထိတွေ့ကြ တော့တာပဲလို့ ကျွန်တော် သိထားတာ မှန်နေပြီ"

"ဩော် ဟုတ်တယ်လေ၊ ကျွန်မတို့ မြန်မာမတွေအတွက်က သနပ်ခါး ဆိုတာ အရေးကြီးဆုံး အလှကုန်တစ်မျိုးပဲ၊ သူက အသားကို လှပစေတဲ့ အပြင် လန်းဆန်းအေးမြစေတယ်ရှင့်၊ မိန်းကလေး တစ်ယောက်က သန ပ်ခါးလေး လိမ်းထားလိုက်ရင်ကို ကြည့်လို့ သိပ်ကောင်းသွားရော"

"ကျွန်တော် လေ့လာထားပါတယ်၊ သနပ်ခါးက ဆေးဘက်လည်း ဝ င်တယ်လေ၊ ကျွန်တော် ကြားခဲ့တာကတော့ အထက်မြန်မာပြည်ဘက်မှာ သနပ်ခါးပြတိုက်တစ်ခု ရှိတယ်တဲ့ ၊ ခင်ဗျားတို့ မြန်မာပြည်ကို လာမယ်ဆိုတည်းက မြန်မာပြည်နဲ့ ပတ်သက် တာတွေကို အများကြီး လေ့လာခဲ့ပါ တယ်"

"ဟုတ်ပါတယ် ပုဂံဘက်မှာ ပါ၊ ပုဂံကို သိတယ် မဟုတ်လား၊ ရှေး ဟောင်းမြို့တော်ကြီးပေါ့"

"သိတာပေါ့ဗျာ၊ အဲဒီက ဘုရားစေတီတွေ သိပ်"

သူက ဆက်မပြောသေးဘဲ ခဏ စဉ်းစားနေသည် ။ သူ တစ်ခုခုကို ပြောရန် ကြိုးစားနေခြင်း လည်း ဖြစ်နိုင်ပါသည် ။

"ကြည့်ကောင်းပါတယ်"

"ရှင်"

သူက ဘုရားပုထိုးများကို ကြည့်ကောင်းပါတယ်ဟု ပြောလိုက်သောကြောင့် ကျွန်မ နားထဲ တွင် တစ်မျိုးကြီး ဖြစ်နေသည် ။

"ဘုရားပုထိုးတွေကို ကြည့်ကောင်းတယ်လို့ လှတယ်လို့ မပြောရဘူး ရှင့်၊ သပ္ပာယ်တယ်လို့ ပြောရတယ်"

"ဩော် ဟုတ်တယ် ဟုတ်တယ်၊ ကျွန်တော် အဲဒါကို စဉ်းစားနေတာ လေ၊ ကျွန်တော်က တော်တော် လေ့လာထားပေမယ့် တစ်ခါတစ်ခါ

တော့ အဲဒီလိုပဲ မေ့တတ်တယ်ဗျ”

“မြန်မာစကားကို မြန်မာတစ်ယောက်နဲ့ ယှဉ်ပြီး ပြောနိုင်တာကို တွေ့တည်းက ရှင် ဘယ် လောက်ထိ လေ့လာထားတယ်ဆိုတာ ပေါ်လွင်ပါတယ်၊ ကိုယ့်ဘာသာ စကားမဟုတ်တော့ ဒီလောက် ပြောနိုင်တာပဲ တော်တော်လေးကို အံ့သြဖို့ ကောင်းနေပါပြီ”

စကားတပြောပြောနှင့် လျှောက်ခဲ့ကြသော ကျွန်မတို့ နှစ်ယောက်ရဲ့ ဦးတည်ရာဟာ ဘယ်ဆီ ကိုမှန်း မသိသေး။

“ဒါနဲ့ ကျွန်မတို့ ဘယ်ကိုသွားနေကြတာလဲ”

သူကလည်း စကားကောင်းနေရာမှ ကျွန်မ သတိပေးလိုက်တော့မှ သတိရသွားသည့်ဟန် နှင့် သူ့နဖူးသူ ရိုက်လိုက်ကာ

“စကားကောင်းနေတာနဲ့ ခင်ဗျားကို မေးချင်တာတောင် မေ့သွားတယ်၊ ကျွန်တော်က နန်းကြီးသုပ် စားချင်တာဗျ၊ ပြီးတော့ ဆီထမင်းဆိုတာရောပဲ၊ အဲဒါတွေ ဘယ်မှာ ရနိုင်မလဲ”

ကျွန်မမှာ သူ့ကိုကြည့်ပြီး ရယ်ချင်စိတ်ကို မနည်းထိန်းထားရသည် ။ သူဟာ မြန်မာပြည် အကြောင်းတင် မကပါဘဲ မြန်မာ့အစားအစာများကိုပါ ထဲထဲဝင်ဝင် လေ့လာထားပုံ ရပါသည် ။

“ကျွန်မ သိတဲ့ ဆိုင်တစ်ဆိုင်တော့ ရှိပါတယ်၊ သူက မြန်မာ့ရိုးရာ အစားအသောက်တွေချည်း ပဲ ရောင်းတာလေ”

“ဒါဆို အဲဒီကို လိုက်ပို့ပေးနိုင်မလား မသိဘူး”

“ဘာလဲ မနက်စောစောစီးစီး ကျွန်မကို မနက်စာစားဖို့ ခေါ်တာက တကယ်တော့ လမ်းပြ ခိုင်းဖို့ မဟုတ်လား”

“iie iie ဩော် မဟုတ်ဘူး လို့ ပြောတာပါ၊ ကျွန်တော့် ရင်ထဲက စေတနာရှိလို့ စားတာကို ကြည့်ချင်လို့ ခေါ်တာပါ”

သူ့ပုံစံက ပျာပျာသလဲ ငြင်းလိုက်ရသောကြောင့် ကပေါက်တိကပေါက်ချာ ဖြစ်သွားပုံပင်။ ပြီး တော့ စကားပြောပုံကိုလည်း ကြည့်ဦး။ စားတာကို ကြည့်ချင်လို့ ခေါ်တာတဲ့ ။ တကယ်တော့ သူ ပြော ချင်သည့်ပုံစံက စားစေချင်လို့ ဆိုသည့် သဘောမျိုး ဖြစ်လိမ့်မည်ဟု ကျွန်မကတော့ ကိုယ့်ဘာသာ ကိုယ် ဖြည့်တွေးပေးလိုက်သည် ။

ကျွန်မတို့ နှင့် အနီးဆုံးတွင် ရှိသော ရွှေရည်ဆိုသည့် မြန်မာ့ရိုးရာမုန့်များ ရောင်းသည့်ဆိုင်သို့ သူ့ကို ခေါ်ဆောင်သွားလိုက်ပါသည် ။

သူက သူ စားချင်သည့် နန်းကြီးသုပ်နှင့် ဆီထမင်းကို အားရပါးရ စားပါသည် ။ ဆီထမင်း ဆိုလျှင် သုံးပွဲတောင် စားပစ်လိုက်ခြင်း ဖြစ်၏။ ကျွန်မကတော့ ပဲပြုတ်ထမင်းဆီဆမ်းကို ဆတ်သား ခြောက်ဖုတ်လေးနှင့် တွဲဖက် စားသုံး၏။

သူ့ရှေ့တွင် ချပေးထားသော အစားအသောက်များ ကုန်စင်သွားတာတောင်မှ သူက ဘေးဝိုင်း တွင် ထိုင်နေသော အဘိုးကြီးတစ်ယောက် စားနေသည် ကို ကြည့်ကာ

“အဲဒါကိုရော ဘယ်လိုခေါ်သလဲ မငယ်မူသွေး”

သူ လက်ညှိုးညွှန်ပြရာသို့ ကြည့်မိတော့ အဝါရောင် မုန့်တုံးလေးများကို သကြားနှင့် တို့ စား နေသည့် အဘိုးကြီးကို တွေ့ရလေသည် ။

“အဲဒါကို ပြာရည်ထုပ်လို့ ခေါ်တယ်၊ သူက ပြာကိုရေစိမ်ပြီး လုပ်ရတာ၊ သကြားနဲ့ တို့ စားရင် သိပ်စားလို့ ကောင်းတယ်”

“ကျွန်တော်တို့ အဲဒါ မှာ စားကြရအောင်”

သူ့စကားကြောင့် ကျွန်မမှာ မျက်လုံးပြူးသွားရပါသည် ။

"ရှင့်ဗိုက်က ဆန့်သေးလို့ လား"

"ဘာလို့ မဆန့်ရမှာ လဲဗျ၊ ဒီလောက် နည်းနည်းလေးကို"

"အိုကေလေ ရှင် ထပ်စားချင်သေးရင် ကျွန်မ မှာ ပေးပါ့မယ်"

စားပွဲထိုးလေး တစ်ယောက်ကို လှမ်းခေါ်လိုက်ကာ ပြာရည်ထုပ်တစ်ပွဲ မှာ ပေးလိုက်၏။

"မင်းရော မစားတော့ဘူးလား၊ ဘာလဲ ဗိုက်မဆန့်တော့လို့ လား"

သူက ကျွန်မ စကားကို လိုက်နင်းကာ ပြောပါသည် ။ ကျွန်မမှာတော့ သူ့လေသံနှင့် ဗိုက်ကို ပွတ်ပြပုံကြောင့် ရယ်ချင်သွားမိသည် ။

"ဟင်း ဟင်း ဟုတ်တယ်၊ ဗိုက်မဆန့်တော့ဘူးလေ၊ ပြီးတော့ ကျွန်မက အဲဒီမုန့်ကို ငယ်ငယ် လေးတည်းက မစားဘူး"

"ဘာဖြစ်လို့ လဲ"

သူက တအံ့တသြနှင့် မေးပါသည် ။

"မကြိုက်လို့ ပေါ့ရှင်၊ ဘယ်သူက ကိုယ်မကြိုက်တာ တစ်ခုကို အတင်းအကျပ် လုပ်ပါ့မလဲ"

ကျွန်မရဲ့ အဖြေစကားကြောင့် သူ့မျက်နှာက အနည်းငယ် လေးနက်ဟန် ပေါက်သွား၏။

"ဒါပေမဲ့ တချို့ကိစ္စတွေကတော့ ကိုယ်မကြိုက်ပေမယ့်လည်း လုပ်သင့်လုပ်ထိုက်တယ်ထင် ရင် လုပ်ကို လုပ်ရတတ်တယ်လေ၊ ကိုယ်ကြိုက်ပြီးတော့ မလုပ်သင့်လို့ မလုပ်ရတာတွေလည်း အများ ကြီးပဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အစားအသောက်နဲ့ ပတ်သက်ရင်တော့ ကျွန်မမှာ ကိုယ်ပိုင် လွတ်လပ်ခွင့် ရှိတယ်လို့ ထင်တာပဲ"

ထိုစကားသည် မှားယွင်းကြောင်းကို နောက်တစ်ပတ်အကြာမှာ ပဲ ကျွန်မ သိရတော့၏။

ထိုနေ့ မနက်က ထုံးစံအတိုင်း မနက်စောစောမှာ ကျွန်မရဲ့ တံခါးဘဲလ်ကို သူ နှိပ်ကာ ကျွန်မ အား နှိုးရန် ကြိုးစားခဲ့သည် ။ ဘဲလ်သံကို ကြားနေရသော်လည်း ကျွန်မကတော့ အိပ်ရာထဲမှ မထ နိုင်ခဲ့ပါ။

ဝမ်းဗိုက်ကို လက်နှင့်ဖိရင်း ထထိုင်နိုင်ရန် အကြိမ်ကြိမ် ကြိုးစားပါသော်လည်း မည်သို့မျှ မအောင်မြင်ဘဲ ဖြစ်ခဲ့ရသည် ။ တစ်ညလုံးလည်း ကျွန်မ တစ်ယောက်တည်း ထိုဒဏ်ကို အလူးအလဲ ခံခဲ့ရ၏။ ဝမ်းဗိုက်ဆီမှ နေ၍ မခံမရပ်နိုင်အောင် ထိုးအောင့်ကာ နာကျင်နေခြင်း ဖြစ်သည် ။

ဆယ့်ငါးမိနစ်မျှ ကြာအောင် ဘဲလ်ကို နှိပ်နေသော်လည်း အထဲမှ တုံ့ပြန်သံ မကြားရသော ကြောင့် သူသည် ကျွန်မရဲ့ ဟန်းဖုန်းကို လှမ်းခေါ်လိုက်ခြင်း ဖြစ်နိုင်ပါသည် ။ တော်သေးသည် က ဟန်းဖုန်းကတော့ ကျွန်မရဲ့ ခေါင်းအုံးလေးဘေးတွင် နေသားတကျ ရှိနေလို့ ပါပဲ။

"ဟယ် လို"

ကျွန်မအသံက ဝေဒနာတစ်ခုကို တော်တော်လေး ခံစားနေရမှန်း ပေါ်လွင်စေသော အသံမျိုး ဖြစ်ပါလိမ့်မည်။ ကျွန်မရဲ့ အသံကြောင့်ပင် သူ သိရှိသွားခြင်း ဖြစ်နိုင်ပါသည် ။

"ဘာဖြစ်နေတာလဲ ဘာဖြစ်နေတယ်ဆိုတာ ကျွန်တော့်ကို တဆိတ်လောက် ပြောပြနိုင်မ လား"

သူ့အသံက အနည်းငယ် စိုးရိမ်တုန်လှုပ်နေဟန် ရှိပါသည် ။

"မငယ်မူသွေး အိမ်ထဲမှာ ရော ရှိနေရဲ့ လား၊ ခု ဘယ်ကိုရောက်နေတာလဲ"

"အိမ်မှာ ကျွန်မ အ မထနိုင်လို့ ရှင့်"

"ဘာဖြစ်နေတယ်ဆိုတာ ပြောပြပေးပါ၊ ဒါမှ မဟုတ် ကျွန်တော် ဘယ်လိုလုပ်ပေးရမလဲ၊ ကျွန်တော့်ကို ပြောပါ"

ခုချိန်မှာ တော့ ကျွန်မရဲ့ အားကိုးရာဟာ သူတစ်ယောက်သာဖြစ်ခဲ့တာ သိပ်ကို သေချာနေပါ ပြီ။

"ကျွန်မ နည်းနည်း အားယူပြီး ထကြည့်"

ကျွန်မရဲ့ စကားသံပင် မဆုံးလိုက်ပါ။ မျက်နှာတစ်ခုလုံး ချွေးသီးချွေးပေါက်များ ယိုစိမ့် ထွက်လာလျက် လူကလည်း ခုတင်ခြေရင်းတွင် ပုံကျသွားတော့သည် ။

အဲဒီနောက် ကျွန်မ မျက်စိပြန်ဖွင့်နိုင်ချိန်ဟာ နောက်ထပ် လေးနာရီအကြာမှာ ဖြစ်ခဲ့သည် ။ ပြီးတော့ ကျွန်မရဲ့ အိပ်ခန်းထဲတွင် လည်း မဟုတ်ပါ။ ဆေးရုံခန်းတစ်ခုအတွင်းတွင် သာ ဖြစ်သည် ။

"သက်သာရဲ့ လား"

သူ့အသံက နွေးထွေးပါသည် ။ မျက်ဝန်းများက နူးညံ့ပါသည် ။ ကျွန်မရဲ့ အားငယ်စိတ်တို့ ကို ပင် ဖယ်ရှားပစ်နိုင်စွမ်း ရှိ၏။ သို့သော် ပါးစပ်ကနေတော့ ဘာစကားမျှ ပြောနိုင်စွမ်း မရှိသေးပါ။ ထို့ကြောင့်ပင် ဦးခေါင်းကိုသာ အသာညိတ်ပြလိုက်ရ၏။

"အစာအိမ်ရောင်တာလို့ ဆရာဝန်ကြီးက ပြောပါတယ်၊ ဩော်ခင်ဗျားရဲ့ အိမ်ခန်းထဲကို တိုက်ခန်းပိုင်ရှင်ဆီက သော့ယူပြီး ဖွင့်ဝင်ခဲ့တာပါ ခင်ဗျား လဲနေတာ တွေ့တာနဲ့ အနီးဆုံး ဆေးရုံကို ခေါ်လာခဲ့ရတာပဲ"

“ကျေးဇူးတင်ပါတယ်ရှင်”

ဒီတစ်ခွန်းကိုတော့ မပြောလို့ မဖြစ်သည် မို့ ကျွန်မ အားတင်းကာ ပြောလိုက်၏။

“မလိုပါဘူး အိမ်နီးချင်းတွေပဲ”

သူ့စကားတွေ သူ့အပြုံးတွေကြောင့် ကျွန်မဟာ လောကကြီးအလယ်မှာ ကျွန်မ တစ်ယောက် တည်းပါလားလို့ အမြဲတမ်း တွေးနေမိသော အတွေးများကိုပင် မေ့ဖျောက်ပစ်လိုက်မိ၏။ ထိုမေ့ ဖျောက်ခြင်းများ ထဲတွင် သူသည် ကျွန်မအတွက် ဧည့်သည် တစ်ယောက်သာ ဖြစ်သည် ဆိုသည့် အချက်လည်း ပါဝင်ခဲ့ပါသည် ။

*